# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

January 17, 2022 Volume 50, Number 10


၁၇.၁.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၂၀ US$ |
| မြန်မာ့ရွှေဈေး | = ၁၈၆၄၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၀၀၀ ကျပ် (Offer Price) |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၃၂.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၁၈.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၃၃.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၈၃.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၀.၁၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၉၂၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၉.၀၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၅.၀၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၇၈၁ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ပြည်ပသို့ ရွှေတင်ပို့သူများအတွက် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ငါးသောင်းနှင့် အောက် TT စနစ်၊ အမေရိကန်ဒေါ်လာ ငါးသောင်းနှင့်အထက် LC စနစ်ဖြင့် ခွင့်ပြု

ပြည်ပသို့ ရွှေတင်ပို့သူများအတွက် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ငါးသောင်းနှင့် အောက်ဖြစ်ပါက Telegraphic Transfer (TT) စနစ်ဖြင့် ခွင့်ပြုပေးမည်ဖြစ်ပြီး ပို့ကုန် တန်ဖိုး အမေရိကန်ဒေါ်လာ ငါးသောင်းနှင့်အထက်ဖြစ်ပါက Letter of Credit (LC) စနစ်ဖြင့် ခွင့်ပြုပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှသိရသည်။

အဆိုပါစနစ်များဖြင့် ရွှေတင်ပို့ခြင်းအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသို့ တင်ပြခွင့်ပြုချက်ရယူရမည်ဖြစ်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ခွင့်ပြုထားသည့် နိုင်ငံခြားငွေကြေးဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ကြောင်းသိရ သည်။

ယခုကဲ့သို့ TT စနစ် ခွင့်ပြုပေးခြင်းနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်က "ရွှေဈေးကွက် ပြန်လည်ဖွံ့ဖြိုးရေး အတွက် ကျွန်တော်တို့ ရန်ကုန်တိုင်းရွှေအသင်းကနေ ပြီးခဲ့တဲ့လက တင်ပြတဲ့အခါမှာ ဗဟိုဘဏ် ကနေပြီးတော့ ငါးသောင်းအောက်ကို TT နဲ့ခွင့်ပြုမယ်။ ငါးသောင်းအထက်ကိုတော့ LC နဲ့ ခွင့်ပြုပါတယ်ဆိုပြီးတော့ ဒီဇင်ဘာ ၂၀ ရက် ရက်စွဲနဲ့ အကြောင်းပြန်ကြားလာတယ်။ အဲဒီတော့ အခုပန်းထိမ်လုပ်ငန်းတွေ အကုန်လုံးအလုပ်ပြန်စလို့ရပြီ။ နောက်တစ်ခုက ရွှေဆိုင်တွေ အားလုံးလည်း နိုင်ငံခြားသားကို အမှတ်တရပစ္စည်းအနေနဲ့ ရောင်းလို့ဝယ်လို့ ရသွားပြီပေါ့။ Logistics ကုမ္ပဏီတွေအနေနဲ့လည်း နိုင်ငံခြားကို ရွှေတင်ပို့တဲ့လုပ်ငန်းကို ပြန်လုပ်ကိုင်ခွင့်ရရှိသွားပြီ။ အားလုံးအဆင်ပြေသွားပါပြီ" ဟု ဇန်နဝါရီ ၁၅ ရက်တွင် ပြောသည်။

ထို့ပြင် ရွှေတင်ပို့၊ တင်သွင်းရာတွင် စံချိန်မီရွှေ (သန့်စင်မှုရာခိုင်နှုန်း ၉၉ ဒသမ ၅ ရာခိုင်နှုန်းနှင့်အထက်) ဖြစ်ပါက ဗဟိုဘဏ်သို့ တင်ပြခွင့်ပြုချက် ရယူရမည်ဖြစ်ပြီး စံချိန်မီ ရွှေမဟုတ်သောရွှေ (ရွှေ၊ လက်ဝတ်ရတနာပစ္စည်း၊ ရွှေဖြင့်ပြုလုပ်သော အနုပညာ ပစ္စည်းနှင့် အသုံးအဆောင်ပစ္စည်းများ)ကို တင်ပို့ရာတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနသို့ တင်ပြခွင့်ပြုချက်ရယူ၍ LC စနစ်ဖြင့် ဗဟိုဘဏ်က သတ်မှတ်ခွင့်ပြုထားသည့် နိုင်ငံခြားငွေကြေးဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ကြောင်းသိရသည်။

TT စနစ်သည် ကုန်ပစ္စည်း ရောက်သည်နှင့် ငွေပေးချေရသည့် စနစ်ဖြစ်ပြီး LC စနစ်မှာ ရောင်းသူနှင့်ဝယ်သူကြား ဘဏ်နှစ်ခုကိုကြားခံထား၍ ကုန်ပစ္စည်းအရောင်းအဝယ်စာရွက် စာတမ်း၊ သင်္ဘောတင်အထောက်အထားစသည်တို့ကို စစ်ဆေးပြီးမှသာ ငွေပေးချေရသည့် စနစ်ဖြစ်သောကြောင့် ငွေလက်ဝယ်ရရှိရန် တစ်လခန့်ကြာမြင့်ကြောင်း သိရသည်။

ယခင်က ရွှေနှင့်လက်ဝတ်ရတနာများပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချရာတွင် Letter of Credit (LC)စနစ်ကိုသာ ခွင့်ပြုပေးခဲ့ပြီး ယင်းစနစ်မှာ ငွေကြေးခဝါချမှုကိုကာကွယ်ရန် ဘဏ်အချင်းချင်း ချိတ်ဆက်ဝန်ဆောင်မှုပေးသည့်စနစ်ဖြစ်ကြောင်း သိရသည်။

Source: http://sdtimedaily.com/

## ပို့ကုန်ပဲများနှင့်အတူ အသစ်ဝင်ပဲမျိုးစုံဈေး မြင့်တက်လာ




မြန်မာတောင်သူကြီးများဂျာနယ်

အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံလိုအပ်ချက် ပုံမှန်ရှိနေခြင်းအပြင် လက်ရှိပြည်တွင်း ငွေလဲနှုန်းမြင့်တက်လာနေသဖြင့် ပို့ကုန်ပဲများအပါအဝင် အသစ်ဝင်ရောက်လာသည့် ပဲမျိုးစုံမှာလည်း ဈေးကွက်မြင့်တက်လာကြောင်း ပဲနှမ်းကုန်သည်များထံက သိရသည်။

ပို့ကုန်ပဲများဖြစ်သည့် ပဲစင်းငုံမှာ ဒီဇင်ဘာလဆန်းပေါက်ဈေးထက် တစ်အိတ်ကျပ် ၂ဝ,ဝဝဝ ခန့်ထူးခြားစွာမြင့်တက်လာသကဲ့သို့ မတ်ပဲဈေးမှာလည်း တစ်တင်းကျပ် ၄ဝ,ဝဝဝ နှင့် အထက်ရှိလာရာမှ ယခုသီတင်းပတ်တွင် တစ်အိတ်ကျပ် ၅ဝ,ဝဝဝ နီးပါးအထိပေါက်ဈေးရှိလာကာ ဇန်နဝါရီလ ဒုတိယသီတင်းပတ်တွင် အဆိုပါပို့ကုန်ပဲများအပြင် အသစ်ဝင်ပဲမျိုးစုံဈေးမှာလည်း မြင့်တက်လာကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"ပို့ကုန်ပဲတွေထဲ မှာဈေးအကောင်းဆုံး ပဲစင်းငုံကတော့ တစ်အိတ် ကျပ် ၁၂၇,ဝဝဝ-၁၂၈,ဝဝဝ လောက် ပေါက်ဈေးမြင့်တက်လာပါတယ်။မတ်ပဲကလည်း တစ်အိတ် ကျပ် ၁၃၄,ဝဝဝ-၁၃၅,ဝဝဝ ဖြစ်လာပါတယ်။ အိန္ဒိယ ကုန်သွယ်မှုလမ်းကြောင်းကလည်း ကောင်းနေတာနဲ့ လိုအပ်ချက်ရှိနေတယ်။ ဒေါ်လာငွေဈေး ကောင်းလာနိုင်ခြေရှိတော့ ပို့ကုန်ပဲတွေအပြင် ပြည်တွင်းအသစ်ဝင်ပဲတွေပါဈေးကောင်းလာတယ်။ အဓိကကတော့ ပြည်တွင်းဒေါ်လာငွေလဲနှုန်း မြင့်လာတာက ပြည်တွင်းပဲမျိုးစုံ ဈေးကွက်ပေါက်ဈေးတွေကောင်းလာတာပါ။ မြေပဲဆံရော၊ လုံးဆံရော ပြည်တွင်းဆီစက်ပိုင်များ အဝယ်ကောင်းနေလို့ အမျိုးအစားအလိုက် တစ်ပိဿာ ကျပ် ၁ဝဝ လောက် ဈေးတက်လာတယ်။ ပဲဆီပေါက်ဈေးလည်း အရောင်းသွက်လာတော့ အနည်းငယ်ဈေးတက်လာနိုင်တယ်။ မြေထောက်ပဲ၊ ပဲထောပတ်တွေလည်း တစ်အိတ် ကျပ် ၁၄ဝ,ဝဝဝ ဈေးနဲ့ ဝင်သလောက်အဝယ်ရှိနေတယ်။ မနှစ်က ကာလတူနဲ့ဆိုရင် ပဲမျိုးစုံဈေးကွက်က အမြင့်ဈေးဖြစ်နေပါတယ် "ဟု ၎င်းကပြောသည်။

***ပဲစင်းငုံ၊ မတ်ပဲ***

ဇန်နဝါရီလဆန်းပိုင်းမှစတင်ကာ ပဲတင်ခွင့်သက်တမ်းတိုးမြင့်ခြင်းနှင့် ဒေါ်လာဈေးမြင့်တက်လာသဖြင့် ပဲစင်းငုံနှင့်မတ်ပဲတို့မှာ ယခုသီတင်းပတ်တွင် သုံးတင်းဝင်တစ်အိတ် ကျပ် ၁ဝ,ဝဝဝ ကျော် ဈေးမြင့်တက်လာသည်။ ဇန်နဝါရီလ ၁၂ ရက်တွင် မတ်ပဲ သုံးတင်းဝင် တစ်အိတ်ကျပ် ၁၃၃,ဝဝဝ- ၁၃၅,ဝဝဝ ပေါက်ဈေး ဖြစ်လာသည်။ ပဲစင်းငုံမှာ ပိဿာ ၆ဝ ဝင် တစ်အိတ်လျှင် ကျပ် ၁၂၇,ဝဝဝ ပေါက်ဈေးရှိနေပြီး အသစ်ဝင်ပဲဈေးကွက်မှာ အရောင်းအဝယ် အကောင်းဆုံးပဲများဖြစ်လာပြီး ဈေးကွက်အတွင်း ဝင်သလောက် ဝယ်ယူမှုကောင်းနေကြောင်း သိရသည်။

***နှမ်းနက် ၊ မြေပဲ ၊မြေထောက်ပဲ***

ပြည်တွင်းဒေါ်လာဈေး မြင့်တက်လာခြင်းနှင့်အတူ ဈေးကွက်အတွင်း ထိပ်စအရည်အသွေးများ ဝင်ရောက်မှုနည်းလာခြင်းကြောင့် ဇန်နဝါရီလ ၁၂ ရက်တွင် နှမ်းနက်ထိပ်စ သုံးတင်းဝင်တစ်အိတ် ကျပ် ၂ဝ၅,ဝဝဝ-၂၁ဝ,ဝဝဝ ပေါက်ဈေးရှိပြီး နှမ်းနက်အလတ်စ ကျပ် ၁၇၅,ဝဝဝ မှ ၁၈၅,ဝဝဝ ကြား အရည်အသွေးအလိုက် ဝယ်လိုအားပြန်လည်ကောင်းမွန်လာသည်။ နှမ်းဖြူသစ် ရိုးရိုးမှာ တစ်အိတ်လျှင် ကျပ် ၁၄၈,ဝဝဝ-၁၅၃,ဝဝဝ၊ နှမ်းညိုသစ်မှာ ကျပ် ၁၂၈,ဝဝဝ အသီးသီး ပေါက်ဈေးမြင့်တက်လာသည်။

မြေပဲလုံးဆံနှင့် မြေပဲဆီဆံ ပေါက်ဈေးများမှာ အမျိုးအစားအလိုက် တစ်ပိဿာ ကျပ် ၁၀၀– ၁၅၀ ခန့် ဈေးမြင့်တက်လာသည်။ မူဆယ်နယ်စပ်မှ ပြည်တော်ပြန် မြေပဲလုံးဆံများကို ပြည်တွင်းဆီစက်များက ဝယ်ယူမှုကောင်းနေရာ ဇန်နဝါရီ ၁၂ ရက်တွင် လုံးဆံ တစ်ပိဿာ ကျပ် ၃၀၀၀ ၊ ပြန့်လုံးဆံ တစ်ပိဿာ ကျပ် ၂၈၀၀ ၊ အနီလုံးဆံ တစ်ပိဿာ ကျပ် ၂၇၇၅ ၊ ဆီဆံ တစ်ပိဿာ ကျပ် ၂၇၅၀ အသီးသီး ပေါက်ဈေးရှိသည်။

လာမည့်ဖေဖော်ဝါရီတွင် အများအပြားထွက်ရှိလာမည့် မြေထောက်ပဲမှာ ဈေးကွက်အတွင်း လက်ရှိဝင်ရောက်မှုနည်းနေသေးခြင်းကြောင့် သုံးတင်းတစ်အိတ်ကျပ် ၁၄၀,၀၀၀ ပေါက်ဈေးရှိနေသည်။ ပဲဈေးကွက်သို့ အသစ်ဝင်ရောက်လာသည့် ပဲများတွင် စွန်တာပြာ တစ်အိတ် ကျပ် ၁၃၀,၀၀၀၊ ပဲထောပတ်တစ်အိတ် ၁၂၅,၀၀၀၊ နိုင်လွန်ပဲ-ပုဂံပဲ တစ်အိတ် ကျပ် ၁၄၀,၀၀၀၊ ဘိုကိတ်ပဲ တစ်အိတ် ကျပ် ၁၄၅,၀၀၀–၁၅၅,၀၀၀၊ ပဲဇီးကွက်တစ်အိတ် ကျပ် ၁၄၅,၀၀၀ ပေါက်ဈေးအသီးသီးရှိနေသည်။

**မြန်မာတောင်သူကြီးများဂျာနယ်**

## မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ သတ္တုကဏ္ဍနှင့်ဝန်ဆောင်မှုကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၁၀ ခု MIC ခွင့်ပြု


ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်မြို့ရှိ စက်မှုဇုန်တစ်ခုကိုတွေ့ရစဉ်

မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ သတ္တုနှင့် ဝန်ဆောင်မှုကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၁၀ ခုကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)၏(၁/၂၀၂၂)ကြိမ်မြောက် အစည်းအဝေးကခွင့်ပြုလိုက်ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးတွင် ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းငါးခု၏ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ သတ္တုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများ၌ လုပ်ငန်းသစ် ၁၀ ခုကို ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏသည် ဒေါ်လာ ၂၄၁ ဒသမ ၇၉ သန်း နှင့် ကျပ် ၈၀၆၀၆၆ ဒသမ ၅၉၅ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၆၄၆ နေရာကို ဖန်တီးပေးနိုင်မည်ဟုသိရသည်။ အဆိုပါ အစည်းအဝေး၌ ခွင့်ပြုခဲ့သည့်လုပ်ငန်းများတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်ထားသည့် ကဏ္ဍများဖြစ်သော မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍများနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများ ပါဝင်သည်။

လျှပ်စစ်ယာဉ်များထုတ်လုပ်သည့်လုပ်ငန်း၊ ဆေးဝါးနှင့်ကျန်းမာရေးဆိုင်ရာ ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းအပါအဝင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားရှစ်မျိုးကို ဦးစားပေးဆောင်ရွက်မည်ဖြစ်သဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ထားသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် အောက်ပါရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားများကို အဆိုပြုလွှာတင်ပြလာပါက ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သဖြင့် လုပ်ငန်းရှင်များအနေဖြင့် အဆိုပြုလွှာများ တင်ပြကြရန် ဖိတ်ခေါ်ထားသည်။

ယင်းလုပ်ငန်းများမှာ (က) ဓာတ်မြေသြဇာထုတ်လုပ်ခြင်းလုပ်ငန်းများ၊ (ခ) ဘိလပ်မြေထုတ်လုပ်ခြင်းလုပ်ငန်းများ၊ (ဂ) သံမဏိထုတ်လုပ်ခြင်းလုပ်ငန်းများ၊ (ဃ) စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်း၊ အဆိုပါလုပ်ငန်းများနှင့် ဆက်စပ်သည့်လုပ်ငန်းများ၊ (င) တန်ဖိုးမြှင့်စားသောက်ကုန်များ ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ (စ) လျှပ်စစ်ယာဉ်များထုတ်လုပ်သည့်လုပ်ငန်းများ၊ (ဆ) ဆေးဝါးနှင့်ကျန်းမာရေးဆိုင်ရာပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ၊ (ဇ) အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖြစ်သည်။

အထက်ပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် စိတ်ပါဝင်စားသူ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အဆိုပြုလွှာတင်ပြလာပါက လိုအပ်သည်များ ကူညီသွားမည်ဖြစ်ကြောင်းသိရသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် လျှပ်စစ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၃၁၂၁ သန်းကျော်ဖြင့် အများဆုံးဖြစ်ပြီး စက်မှုကဏ္ဍတွင် ဒေါ်လာ ၂၈၆ သန်းကျော်ဖြင့် ဒုတိယအများဆုံးဖြစ်ကာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍတွင် ဒေါ်လာ ၁၃၃ သန်းကျော်ဖြင့် တတိယအများဆုံးဖြစ်သည်။

**Source:** https://news-eleven.com/article/223963

## ဗီယက်နမ်နိုင်ငံမှသစ်သီးများ တရုတ်နိုင်ငံသို့တင်ပို့ရန် အခက်ကြုံနေ



https://www.foodindustrydirectory.com.mm/food-industry/cuisine/chinese/item/4218-vietnam-fruit.html

ဗီယက်နမ်မှ သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များ တရုတ်ပြည်သို့ ရေကြောင်းဖြင့်တင်ပို့ရာတွင် အလွန်နှေးကွေးနေကြောင်း ဗီယက်နမ်သစ်သီးနှင့်ဟင်းသီးဟင်းရွက်အသင်း Vietnam Fruit and Vegetable Association က ပြောကြားသည်။

ဗီယက်နမ်ပို့ကုန် လုပ်ငန်းရှင်များနှင့် ချိတ်ဆက်လုပ်ကိုင်နေသော တရုတ်သွင်းကုန်လုပ်ငန်းရှင်များက ရေကြောင်းမှကွန်တိန်နာများဖြင့် သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များတင်ပို့ခြင်းကို ထပ်မံအကြောင်းမကြားမခြင်းရပ်ထားရန် ဗီယက်နမ်ပို့ကုန်လုပ်ငန်းရှင်များကို ညွှန်ကြားထားသည်။

ကန်စွန်းဥများ ထုတ်လုပ်တင်ပို့သူ ဗီယက်နမ်လုပ်ငန်းရှင် Nhat Thanh သည် ထိုင်းပိန္နဲသီးများနှင့်ကန်စွန်းဥများကို တရုတ်ပြည်သို့ ကွန်တိန်နာအလုံး ၅၀ စာတင်ပို့ရန် တရုတ်ဝယ်လက်နှင့် သဘောတူထားသည်။ ကွန်တိန်နာ ၁၀ လုံးစာကို အရင်ဦးစွာ ပင်လယ်ရေကြောင်းမှ တင်ပို့ရန် သဘောတူထားကြသည်။ သို့သော် တင်ပို့ရန်စီစဉ်နေစဉ် တရုတ်ဝယ်လက်က တင်သွင်းမှု ဆိုင်းငံ့ကြောင်း အကြောင်းကြားသည်။ ရောင်းလွဲကျော်လွှား၍မရနိုင်သော အကြောင်းတရားအများအပြားကြောင့် ဆိုင်းငံ့ထားမှုဖြစ်မည်ဟုဆိုသည်။

၂၀၂၂ မှစ၍ သွင်းကုန်များအတွက် လုပ်ကိုင်မှုများ တင်းကျပ်မှုများ ထပ်တိုးလိုက်သည်။ တရုတ်ပင်လယ်ဆိပ်ကမ်းများတွင် စုပြုံကျပ်နေပြီး ဆိပ်ကမ်းရှင်းလင်းရေးကို အစိုးရက တစ်နိုင်ငံလုံးအတွက် ပြဋ္ဌာန်းထားသော Covid-19 ကာကွယ်ရေး မူဝါဒများနှင့်အညီ လုပ်ဆောင်ကြရသဖြင့် နှေးကွေးနေကြောင်း တရုတ်ဝယ်လက်က အသိပေးသည်။ "ကျွန်တော်တို့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘူးဖြစ်ကုန်တယ်။ ကံကောင်းတာက ကုန်စည်တွေကို ဖြတ်တောက်ထုပ်ပိုးတာ မလုပ်ရသေးခင်မှာ ရပ်လိုက်ရတာဖြစ်ပါတယ်။ ဒီတော့ တခြားမှာ ပြန်ရောင်းဖို့ရနိုင်သေးတယ်" ဟု သူကပြောပြသည်။

ဗီယက်နမ် သစ်သီးနှင့်ဟင်းသီးဟင်းရွက်အသင်း Vietnam Fruit and Vegetable Association က ပြောကြားသည်မှာ အမှာစာများအတိုင်း ရေကြောင်းမှပေးပို့ထားသည့် ကွန်တိန်နာများတွင် အများစုသည် ဆိပ်ကမ်းသို့မရောက်ကြသေးချေ။ ဆိပ်ကမ်းတွင် ဆက်လက်ကြန့်ကြာနေပါက အကုန်လုံးပုပ်သိုးပျက်စီးနိုင်ဖွယ်ရှိသည်။ တရုတ်ဘက်မှ ပြောကြားသည်မှာ ဗီယက်နမ်မှလာသော ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံ ကွန်တိန်နာများကို တစ်ရက်လျှင် ကွန်တိန်နာ ၅ လုံးအထိသာ အများဆုံးစစ်ဆေးပေးနိုင်မည်။ Covid-19 စစ်ဆေးရေးစည်းကမ်းများ အလွန်တင်းကျပ်ထားသည်။

တရုတ်ဝယ်လက်များက ဗီယက်နမ်မှ ရေကြောင်းဖြင့်တင်ပို့သူများကို အကန့်အသတ်ဖြင့်သာတင်ပို့ရန် အကြောင်းကြားထားကြသည်ဟု ဗီယက်နမ် သစ်သီးနှင့်ဟင်းသီးဟင်းရွက်အသင်းမှ အထွေထွေအတွင်းရေးမှူး Dang Phuc Nguyen က ပြောကြားသည်။ မျှားမကြာမီတွင် တရုတ်နှစ်သစ်ကူး အားလပ်ရက်ရှည် ရောက်လာတော့မည်။ ဆိပ်ကမ်းဝန်ထမ်းများ အားလပ်ရက်ရယူကြမည်။ သို့ဖြစ်ရာ စုပြုံကျပြီး ဆိပ်ကမ်းကျပ်နေခြင်း ဆက်လက်ဖြစ်ပေါ်နေဦးမည်။ အကောက်ခွန် ရှင်းလင်းရေးခက်ခဲမည်။ တရုတ်အာဏာပိုင်တို့က ကုန်းလမ်းမှ နယ်ခြားဂိတ်ဖြတ်ကျော်တင်ပို့ရာတွင်လည်း တင်းကျပ်သော ကိုဗစ်လုပ်ထုံးလုပ်နည်းများကိုကျင့်သုံးသည်။ ဗီယက်နမ်-တရုတ်နယ်ခြားဂိတ်များတွင် ဗီယက်နမ်ကွန်တိန်နာထရပ်ကားများ

စောင့်ဆိုင်းနေကြရသည်မှာ လအတန်ကြာကတည်းကဖြစ်သည်။ ၂၀၂၁ ဒီဇင်ဘာလ ၄ ရက်တွင် Lang Son နယ်ခြားဂိတ်တွင် ကွန်တိန်နာ ထရပ်ကား ၂,၄၆၀ စီး ရောက်ရှိစောင့်ဆိုင်းနေကြသည်။ ၆၀% မှာ လတ်ဆတ်သစ်သီးများ တင်ဆောင်ထားသည်။

၂၀၂၂ ဇန်နဝါရီလ ၁၃ ရက်တွင် ထရပ်ကား ၁,၅၂၁ စီး Lang Son နယ်ခြားဂိတ်များတွင် ရောက်ရှိစောင့်ဆိုင်းနေကြပြီး အစီး ၆၂၀ ကျော်သည် လတ်ဆတ်သစ်သီးများ တင်ဆောင်ထားကြသည်။ ပျမ်းမျှအားဖြင့် တစ်ရက်လျှင် ပျမ်းမျှအားဖြင့် ထရပ်ကား အစီး ၁၀၀ အကောက်ခွန် ရှင်းလင်းရေးပြီးစီးသည်။ Lang Son တွင် ဇန်နဝါရီလ ၁၇ ရက်မှစ၍ လတ်ဆတ်သစ်သီး တင်သွင်းမှု လက်ခံပေးခြင်း စတင်ရပ်ဆိုင်းမည်ဖြစ်ပြီး နှစ်သစ်ကူးအားလပ်ရက် သီတင်းပတ်ကုန်ဆုံးရက် ဖေဖော်ဝါရီလ ၆ ရက်အထိ ကြာမြင့်မည်ဖြစ်သည်။

တရုတ်ဈေးကွက်သည် ဗီယက်နမ်အတွက် ထိပ်တန်း ကုန်သွယ်ဖက်ဖြစ်သည်။ စိုက်ပျိုးထုတ်ကုန်၊ သစ်တောထွက်ပစ္စည်း၊ ရေထွက်ပစ္စည်းများ နှစ်နိုင်ငံအကြား သွင်းကုန်ထုတ်ကုန်ကုန်သွယ်မှုပမာဏသည် လျင်မြန်စွာကြီးထွားခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈ ဘီလျံရှိခဲ့ပြီး ၂၀၂၀ တွင် အမေရိကန်ဒေါ်လာ ၁၁ ဘီလျံရှိခဲ့ပါသည်။

ဗီယက်နမ် အကောက်ခွန်ဌာနမှ ထုတ်ပြန်ပေးသော စာရင်းဇယားများအရ ဗီယက်နမ်မှတရုတ်သို့ ၂၀၂၁ ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ၁၁ လတာတွင် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် အမေရိကန်ဒေါ်လာ ၁.၇၅ ဘီလျံဖိုး တင်ပို့နိုင်ခဲ့ပါသည်။ ဗီယက်နမ်အဖို့ စိုက်ပျိုးထုတ်ကုန်၊ သစ်တောထွက်ပစ္စည်း၊ ရေထွက်ပစ္စည်းများ တင်ပို့ရာတွင် အမေရိကန်ဈေးကွက်သည် အများဆုံးဖြစ်ပြီး တရုတ်ဈေးကွက်သည် ဒုတိယအများဆုံးဖြစ်ပါသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/cuisine/chinese/item/4218-vietnam-fruit.html

## မြန်မာ့ယွန်းထည်ပစ္စည်းများ ဝယ်လိုအားအနည်းငယ်မြင့်တက်လာ



https://www.myawady.net.mm/node/20920

ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ ဘုရားများ ယာယီပိတ်ထားချိန်တွင် ယွန်းထည်လုပ်ငန်း လုပ်ကိုင်သူများက ယွန်းထည်ပစ္စည်းများ ထုတ်လုပ်ထားရာ လက်ရှိဘုရားများ ပြန်လည်ဖွင့်လှစ်ချိန်တွင် မြန်မာ့ယွန်းထည်ပစ္စည်းများ ဝယ်လိုအားအနည်းငယ် မြင့်တက်လာကြောင်း ယွန်းထည်လုပ်ငန်း လုပ်ကိုင်သူများ၏ ပြောဆိုချက်အရ သိရသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ ဘုရားများ ပြန်လည်ဖွင့်လှစ်ခဲ့ရာ ပြည်တွင်းဘုရားဖူးများ လာရောက်ကြသည့်အတွက် ယွန်းထည်ပစ္စည်းများ အရောင်းအဝယ်ဖြစ်လာကြောင်း၊ သို့သော် ယခင်က ငွေကျပ် ၄၀၀၀ ဝန်းကျင်ရှိသော ပစ္စည်းများမှာ ယခု ငွေကျပ် ၂၅၀၀ ခန့်သာ ရှိတော့ကြောင်းသိရသည်။ အရင်ကလုပ်ထားတဲ့ပစ္စည်းတွေမို့ ဈေးလျှော့ရောင်းလို့ရတာပါ။ ပစ္စည်းအသစ်ထုတ်ပြီးရောင်းရရင်တော့ ဒီဈေးနဲ့မကိုက်ဘူး။ ယွန်းထည်ပစ္စည်းဈေးကွက်က နိုင်ငံခြားခရီးသွား ဧည့်သည်တွေလည်ပတ်မှ ပိုပြီးအသက်ဝင် မှာပါ ဟု ယွန်းထည်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးကပြောသည်။ မြန်မာ့ယွန်းထည်ကို နိုင်ငံခြားခရီးသွားဧည့်သည်များက ကြိုက်နှစ်သက်စွာဝယ်ယူကြပြီး ၎င်းတို့ဝယ်လိုအားသည် ၉၀ ရာခိုင်နှုန်းခန့်ရှိကာ ပြည်တွင်းခရီးသွားများ၏ ဝယ်လိုအားမှာ ၁၀ ရာခိုင်နှုန်းခန့်သာရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/20920

## ပြည်ပသို့ သကြားဖြူတင်ပို့ရန် ပြင်ဆင်နေ

ပြည်တွင်းမှ ထုတ်လုပ်သည့် သကြားဖြူများကို ပြည်ပသို့တင်ပို့ရန်ပြင်ဆင်နေပြီး ပြီးခဲ့သည့်နှစ်များက စိုက်ဧကလျော့ကျခဲ့သည့်အတွက် ယခင်နှစ်ကထက် တင်ပို့မှုလျော့ကျနိုင်ကြောင်း မြန်မာနိုင်ငံသကြားနှင့်ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဋ္ဌေး၏ ပြောဆိုချက်အရ သိရသည်။ ''ဗီယက်နမ်နိုင်ငံက တော့ သကြားဖြူဝယ်ယူဖို့ ကမ်းလှမ်း




https://www.myawady.net.mm/node/20908

ထားတာရှိပါတယ်။ လက်ရှိမှာတော့ ကြံတွေ ကြိတ်ခွဲနေပြီး လက်စသတ်ချိန်ရောက်ရင် စတင်တင်ပို့မှာပါ''ဟု ဦးဝင်းဌေးကပြောသည်။ ဗီယက်နမ်သကြားဈေးကွက်သို့ မြန်မာနိုင်ငံအပြင် ထိုင်းနှင့်တခြားနိုင်ငံများမှ သကြားများ ဝင်ရောက်လေ့ရှိကြောင်း၊ ၂၀၁၉-၂၀၂၀ ပြည့်နှစ်မှ ၂၀၂၀-၂၀၂၁ ခုနှစ် စိုက်ရာသီများတွင် ပြည်တွင်း၌ သကြားဈေးကွက်ကျဆင်းခြင်းနှင့် သွင်းအားစုဈေးနှုန်း မြင့်တက်ခြင်းတို့ကြောင့် တချို့သကြားစက်များ ဧရိယာအတွင်း ကြံစိုက်ကေလျော့ကျခဲ့ရာ ကြံကြိတ်ခွဲမှုလျော့ကျနိုင်ကြောင်း သိရသည်။

ပြည်ပနိုင်ငံများသို့ ပင်လယ်ရေကြောင်းမှ သကြားများတင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများမှလည်း သကြားကိုအရည်ဖျော်၍ တင်ပို့လေ့ရှိကြောင်းသိရသည်။ ပြီးခဲ့သည့်နှစ်က ပြည်တွင်းထွက်ရှိမှု၏ ၇၅ ရာခိုင်နှုန်းခန့်ကို ပြည်ပသို့တင်ပို့ခဲ့ပြီး ယခုနှစ်တွင် ၅၀ ရာခိုင်နှုန်းခန့် တင်ပို့ရန်လျာထားကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/20908

## အိုမီခရွန်မျိုးကွဲဗိုင်းရပ်စ်ပြန့်နှံ့မှုနှင့် ဥရောပနှင့်အရှေ့အလယ်ပိုင်းဒေသတွင်း ပြိုင်ဆိုင်မှုပြင်းထန်နေမှုကြောင့် ရေနံစိမ်းဈေးနှုန်းများ မြင့်တက်

အိုမီခရွန်မျိုးကွဲဗိုင်းရပ်စ်ပြန့်နှံ့မှုနှင့် ဥရောပနှင့် အရှေ့အလယ်ပိုင်းဒေသတွင်း ပြိုင်ဆိုင်မှု ပြင်းထန်နေမှုကြောင့် ရေနံစိမ်းဈေးနှုန်းများ ကျဆင်းလျက်ရှိရာမှ ၁၈-၁-၂၀၂၂ ရက်နေ့၊ နံနက်ပိုင်းတွင် West Texas Intermediate ကြိုရောင်းဝယ်မှုတွင် အမေရိကန်ရေနံစိမ်း ဈေးနှုန်းသည် တစ်စည်လျှင် ၁.၇ ရာခိုင်နှုန်းမြင့်တက်ကာ အမေရိကန်ဒေါ်လာ ၈၅.၂၀ထိ ရောက်ရှိခဲ့ကြောင်း၊ ယင်းသည် ၂၀၁၄ ခုနှစ်တွင် ရှယ်ယာ (Share)မှ ထုတ်လုပ်သည့် ရေနံပြဿနာဖြစ်ပြီး နောက်ပိုင်း အမြင့်ဆုံးမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းကဲ့သို့ အမေရိကန်နိုင်ငံ၏ ရေနံထုတ်လုပ်သည့် နိုင်ငံကြီးအဖြစ် ပြန်လည်ရပ်တည် လာခြင်းကြောင့် နှစ်ပေါင်းများစွာ ဈေးကျဆင်းလျက်ရှိသည့် ရေနံဈေးကွက် ပြန်လည်ရှင်သန်လာတော့မည်ဖြစ်ကြောင်း ၁၈-၁-၂၀၂၂ ရက်နေ့ထုတ် The Wall Street Journal တွင် ဖော်ပြထားပါသည်။

အရှေ့အလယ်ပိုင်းနှင့် ဥရောပနိုင်ငံများ၏ ပြိုင်ဆိုင်မှုသည် စွမ်းအင်ဈေးကွက်ကို ထိခိုက်မှုရှိလာနိုင်ကြောင်း၊ အထူးသဖြင့် ရေနံစိမ်းအဓိကထုတ်လုပ်သည့် ရုရှနှင့် ယူအေအီးနိုင်ငံတို့မှ ရောင်းချမှု လျော့နည်းလာသည့်အတွက် ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် အိုမီခရွန် မျိုးကွဲဗိုင်းရပ်စ် ပြန့်နှံ့မှုကို အသိအမှတ်ပြုခဲ့သော်လည်း စက်သုံးဆီ သုံးစွဲမှု မကျဆင်းခဲ့ကြောင်း၊ ၁၈-၁-၂၀၂၂ ရက်နေ့ တွင် ကမ္ဘာ့ရေနံထုတ်လုပ်တင်ပို့သည့်နိုင်ငံများအသင်း - အိုပက်မှထုတ်ပြန်သည့် အစီရင်ခံစာတွင် ယခုနှစ်တွင် တစ်ရက်လျှင် ကမ္ဘာ့စက်သုံးဆီသုံးစွဲမှုသည် စည်ပေါင်း ၁၀၀.၈ သန်းရှိနိုင်သည်ဟု ခန့်မှန်းထားသည့်အတွင် ၂၀၂၁ ခုနှစ်ထက် စည်ပေါင်း ၄.၂ သန်း ပိုမိုသုံးစွဲလာနိုင်ကြောင်း၊ ရင်းနှီးမြှုပ်နှံသူများသည် စွမ်းအင်ကုမ္ပဏီကြီးများတွင် ပိုမိုရင်းနှီးမြှုပ်နှံလာကြကြောင်း၊ ၂၀၂၂ ခုနှစ်တွင် S&P 500 အကောင်းဆုံးစွမ်းဆောင်သူအဖြစ် ရောက်ရှိလာမည်ဟု ခန့်မှန်းကြကြောင်း၊ Chevron Corp. သည် ၉.၉ ရာခိုင်နှုန်းနှင့် Exxon Mobil Corp. သည် ၁၇ ရာခိုင်နှုန်းအသီးသီး ရှယ်ယာတန်ဖိုး မြင့်တက်လာကြောင်း ဖော်ပြထားပါသည်။

စက်သုံးဆီဈေးနှုန်းမြင့်တက်လာစေသည့် နောက်ထပ်အကြောင်းခြင်းရာတစ်ခုမှာ အမေရိကန်ပြင်ပတွင် သဘာဝဓာတ်ငွေ့ ရှားလာမှုပင်ဖြစ်ကြောင်း၊ ဥရောပနှင့်အာရှတွင် သဘာဝဓာတ်ငွေ့မှ စက်သုံးဆီပြောင်းလဲသုံးစွဲလာခြင်းကြောင့် စက်သုံးဆီဝယ်လိုအားသည် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် တစ်ရက်လျှင် စက်သုံးဆီစည်ပေါင်း ၅ သိန်းခန့်မြင့်တက်ခဲ့ကြောင်း၊ ယခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် တစ်ရက်လျှင် နောက်ထပ် ၃သိန်းခန့် မြင့်တက်လာနိုင်သည်ဟု Goldman Sachs Group မှ သုတေသီများကခန့်မှန်းကြကြောင်း၊ စက်သုံးဆီဈေးနှုန်းများမြင့်တက်ခြင်းသည် ကုန်စည်ဈေးနှုန်းများ မြင့်တက်လာမည်ဖြစ်သည့်အတွက် ကြိုရောင်းဝယ်မှုများတွင် ရင်းနှီးမြှုပ်နှံမှုများ မြင့်တက်လာကြောင်း ဖော်ပြထားပါသည်။

**Source:** https://www.wsj.com/articles/oil-prices-hit-seven-year-high-on-rising-geopolitical-tensions-1164 2507485?mod=hp_lead_pos5

**ခင်မြမြထွေး (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဝါရှင်တန်)**

## ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးထုတ်လုပ်မှုမှ ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးတွင် ယူရို (၁) ဘီလျံ ခန့် ထည့်ဝင်အကျိုးပြုထားခြင်း

ဘယ်လ်ဂျီယံနိုင်ငံ၊ အန့်တ်ဝပ်ပြည်နယ်၊ Puurs-Sint-Amands မြို့ရှိ Pfizer စက်ရုံ၏ ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေး ထုတ်လုပ်မှုမှ ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးတွင် ယူရို (၁) ဘီလျံခန့် ထည့်ဝင်အကျိုးပြုထားကြောင်း ဘယ်လ်ဂျီယံ အမျိုးသားဘဏ်နှင့် ဘယ်လ်ဂျီယံနိုင်ငံ၏ စာရင်းအင်းဗျူရိုတို့၏ ခန့်မှန်းချက်အရသိရပါသည်။ အဆိုပါ ကာကွယ်ဆေး ထုတ်လုပ်သည့်လုပ်ငန်းမှ ထပ်ဆောင်းအလုပ်အကိုင်ပေါင်းများစွာကို ဖန်တီးပေးခြင်းဖြင့် ဘယ်လ်ဂျီယံနိုင်ငံ၏စီးပွားရေးကို အထောက်အကူပြုနေခြင်းဖြစ်ပါသည်။

ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးထုတ်လုပ်မှု အဓိကအားဖြင့် Puurs-Sint-Amands မြို့ရှိ Pfizer စက်ရုံမှ ထုတ်လုပ်မှု သည် ၂၀၂၁ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံဂျီဒီပီ၏ (၀.၂၅) ရာခိုင်နှုန်းကို တိုးတက်စေခဲ့ကြောင်း၊ ဘယ်လ်ဂျီယံ စာရင်းအင်းဗျူရို (Statbel) ၏ အချက်အလက်များအရ ဆေးဝါးလုပ်ငန်း၏ ထုတ်လုပ်မှုပမာဏသည် ၂၀၂၀ ခုနှစ် ကာလတူနှင့်နှိုင်းယှဉ်လျှင် ယခုနှစ် ပထမ (၁၀) လ တွင် (၁၀၈) ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် ပထမ(၉) လအတွင်း ဆေးဝါးထုတ်လုပ်မှု တန်ဖိုး သည် ယူရို (၂၉.၄) ဘီလျံသို့ရောက်ရှိခဲ့ပြီး (၁၀၁) ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရပါသည်။

၂၀၂၁ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးတိုးတက်မှု (၆.၂) ရာခိုင်နှုန်းခန့်ရှိနိုင်ကြောင်း ဘယ်လ်ဂျီယံ အမျိုးသား ဘဏ်က ခန့်မှန်းထားပြီး၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထုတ်လုပ်မှုက စီးပွားရေးတိုးတက်မှုတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေ ပါကြောင်း၊ ကာကွယ်ဆေးများကို ဘယ်လ်ဂျီယံနိုင်ငံ၌ ထုတ်လုပ်ခဲ့ခြင်းမရှိလျှင် စီးပွားရေးတိုးတက်မှုနှုန်းသည် (၅.၉) ရာခိုင်နှုန်း ခန့်သာရှိနိုင်ကြောင်းသိရပါသည်။

Pfizer ကိုဗစ်-၁၉ ကာကွယ်ဆေးထုတ်လုပ်သည့် စက်ရုံအပြင် အခြားဆေးဝါးကုမ္ပဏီများက ထပ်ဆောင်းအလုပ်အကိုင် များ ဖန်တီးပေးနိုင်ခြင်းကြောင့် ဘယ်လ်ဂျီယံ၏ စီးပွားရေးတိုးတက်မှုကို ထည့်ဝင်အကျိုးပြုခဲ့ခြင်းဖြစ်ပါသည်။ အလုပ်အကိုင် ဖန်တီးနိုင်မှုနှင့် စီးပွားရေးတိုးတက်မှုတို့သည် ဒွန်တွဲနေခြင်းဖြစ်ပြီး၊ ၂၀၂၀ ခုနှစ်တွင် အလုပ်အကိုင်အရေအတွက် (၄၀၀၀၀) ခန့်တိုးတက်လာခဲ့ကြောင်း၊ ဆေးဝါးကုမ္ပဏီများ၏ ထုတ်လုပ်မှုလုပ်ငန်းများနှင့် ဓါတ်ခွဲခန်းများအတွက် လိုအပ်သည့် အလုပ် နေရာများအတွက် ဘွဲ့ရရှိပြီးသူများကို တိုက်ရိုက်အလုပ်အကိုင်များဖန်တီးပေးနိုင်ခဲ့ကြောင်း၊ ထောက်ပံ့သယ်ယူပို့ဆောင်ရေး အပိုင်းတွင်လည်း အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခဲ့ကြောင်း ဘယ်လ်ဂျီယံဆေးဝါးလုပ်ငန်းအဖွဲ့ချုပ်မှ Member Association Delegate ဖြစ်သူ Ms.Caroline Ven က ပြောကြားပါသည်။

Puurs-Sint-Amands မြို့ရှိ Pfizer စက်ရုံအနေဖြင့် လစဉ် ကိုဗစ်-၁၉ ကာကွယ်ဆေး အလုံး ရေသန်း (၁၀၀) ကို ပို့ဆောင်ပေးကြောင်း၊ ၂၀၂၁ ခုနှစ်၊ ပထမ(၉) လအတွင်းဘယ်လ်ဂျီယံနိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးတင်ပို့မှုသည် ယူရို (၁၆.၆) ဘီလျံရှိခဲ့ကြောင်း၊ အဆိုပါပမာဏတွင် Pfizer ကာကွယ်ဆေးအရေအတွက်မှာ လေးပုံသုံးပုံခန့်ရှိကြောင်း၊ ဘယ်လ်ဂျီယံ နိုင်ငံ၌ အသုံးပြုသည့် အခြားကာကွယ်ဆေးများမှာ Moderna, AstraZeneca နှင့် Johnson & Johnson တို့ဖြစ်ကြပြီး ၎င်းတို့ကို ပြည်ပမှ အဓိကတင်သွင်းခြင်းဖြစ်ကြောင်း သိရပါသည်။

Source: https://www.brusselstimes.com/business/199904/covid-19-vaccines-boost- belgian-economy-by-e1-billion,https://www.vrt.be/vrtnws/en/2021/12/31/production-of-coronavirus-vaccine-worth-1-billion-euro-to-the-be/

**ကျော်စိန်ဝင်း (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်)**

## ၂၀၂၁ ခုနှစ်တွင် POSCO ကုမ္ပဏီ၏ရောင်းအားသည် ဝမ်(၇၀)ထရီလီယံကျော်ဖြင့် လုပ်ငန်းလည်ပတ်မှု အမြတ်အစွန်း ဝမ်(၉)ထရီလီယံကျော် စံချိန်တင်ရရှိခဲ့မှုအခြေအနေ



Photo Courtesy: The Korea Times

တောင်ကိုရီးယားနိုင်ငံ၏ သံမဏိ (Steel) ထုတ်လုပ် တင်ပို့သည့် ထိပ်တန်းကုမ္ပဏီကြီးတစ်ခုဖြစ်သော POSCO ကုမ္ပဏီ၏ရောင်းအားသည် ၂၀၂၁ ခုနှစ်တွင် ကိုရီးယား ဝမ်(၇၀) ထရီလီယံကျော် (ခန့်မှန်း- အမေရိကန် ဒေါ်လာ ၅၈.၈ ဘီလီယံ ခန့်) ဖြင့် လုပ်ငန်းလည်ပတ်မှု အမြတ်အစွန်း ကိုရီးယားဝမ် (၉)ထရီလီယံကျော် စံချိန်တင်ရရှိခဲ့ကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ထုတ်ဖော်ပြောကြားသည့် သတင်းများအရ သိရှိရပါသည်။

၂၀၂၁ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာချိန်တွင် Steel ဝယ်လိုအားတိုးလာခြင်းကြောင့် ရောင်းအားတိုးမြင့်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်၊ စတုတ္ထသုံးလပတ်ကာလတွင် ကျောက်မီးသွေးဈေးနှုန်းများ မြင့်တက်ခဲ့မှုကြောင့် သံမဏိနှင့်အခြား စွမ်းအင်သုံး စက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှုစရိတ်များကို မြင့်တက်စေခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်အတွင်း ရောင်းအားဆက်တိုက် တိုးတက်ခဲ့ပြီး၊ ပထမ သုံးလပတ်တွင် ကိုရီးယားဝမ် (၁၆) ထရီလီယံ၊ ဒုတိယသုံးလပတ်တွင် ကိုရီးယားဝမ် (၁၈.၂) ထရီလီယံ၊ တတိယသုံးလပတ်တွင် ကိုရီးယားဝမ်(၂၀.၆) ထရီလီယံနှင့်စတုတ္ထသုံးလပတ်တွင် ကိုရီးယားဝမ် (၂၁.၄) ထရီလီယံ အသီးသီး ရရှိခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်အတွင်း လုပ်ငန်းလည်ပတ်အမြတ်ငွေ (Operating Profit) အနေဖြင့် ပထမသုံးလပတ်တွင် ကိုရီးယားဝမ် (၁.၅) ထရီလီယံ၊ ဒုတိယ သုံးလပတ်တွင် ကိုရီးယားဝမ် (၂.၂) ထရီလီယံနှင့် တတိယသုံးလပတ်တွင် ကိုရီးယားဝမ် (၃.၁) ထရီလီယံ အသီးသီးရရှိခဲ့ပြီးနောက် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်းတွင် ကျောက်မီးသွေးဈေးနှုန်းများမြင့်တက်လာမှုကြောင့် ကိုရီးယားဝမ် (၂.၃) ထရီလီယံသို့ ပြန်လည်ကျဆင်းလာခဲ့ကြောင်း၊ တစ်နှစ်တာရဲ့ စတုတ္ထသုံးလပတ်ကို အထွတ်အထိပ်ရာသီတစ်ခုအဖြစ် သတ်မှတ်လေ့ရှိကြရာ ပုံမှန်အမြတ်အစွန်းများစွာ ပိုမိုရရှိရမည့်အချိန်တွင် ကျောက်မီးသွေးဈေးတက်ခြင်းက ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအထိတွင် လုပ်ငန်းလည်ပတ်အမြတ်ငွေ အနည်းငယ်ပြန်လည်ကျဆင်းရခြင်း၏ နောက်ကွယ်မှ အကြောင်းအရင်းတစ်ခု ဖြစ်ကြောင်း သတင်းများအရသိရှိရပါသည်။

Meritz Securities မှ Analyst တစ်ဦးက အရောင်းဈေးနှုန်းတိုးနှုန်းသည် တရုတ်နိုင်ငံတွင် ကျောက်မီးသွေး အကျပ်အတည်း ကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ် တိုးမြင့်လာခြင်းအပြင် ပြင်းထန်စွာသက်ရောက်မှုမရှိခဲ့ကြောင်း သုံးသပ်ခဲ့ပြီး၊ ၂၀၂၂ ခုနှစ်၊ ပထမ သုံးလပတ်ကာလအတွင်းတွင် သံသတ္တုရိုင်းဈေးနှုန်းများကျဆင်း၍ နိုင်ငံတကာသံမဏိဈေးနှုန်း ပြန်လည်တည်ငြိမ်နိုင်မည်ဟု ဈေးကွက်လေ့လာသူများက ခန့်မှန်းထားကြကြောင်း၊ ထို့ပြင် POSCO ၏ POSCO Holdings အဖြစ် ဦးပိုင်ကုမ္ပဏီစနစ်သို့ ကူးပြောင်းသည့်ကိစ္စသည် အပြုသဘောဆောင်သော ကောင်းမွန်သည့်အလားအလာဟု သုံးသပ်ကြကြောင်း သတင်းများအရ သိရှိရပါသည်။ POSCO Holdings သည် ဦးပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲဆောင်ရွက်ခြင်းသည် Global Carbon Neutrality Goals နှင့် Fourth Industrial Revolution ရည်မှန်းချက်များနှင့်အညီ POSCO ကုမ္ပဏီ၏ သံမဏိအသားပေးစီးပွားရေးလုပ်ငန်းအစုစုကို ပြန်လည် ဖွဲ့စည်းရန်နှင့် အခြားသောလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ရန်ရည်ရွယ်ကြောင်း၊ POSCO Holdings သည် သံမဏိအပြင် Secondary Battery ပစ္စည်းများ၊ လစ်သီယမ်၊ နီကယ်၊ ဟိုက်ဒရိုဂျင်စွမ်းအင်တို့အပြင် အခြေခံအဆောက်အအုံနှင့် စားသောက်ကုန် လုပ်ငန်းများကိုအဓိကထား၍ ဟန်ချက်ညီညီ တိုးတက်မှုရရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

တောင်ကိုရီးယားနိုင်ငံ၊ POSCO လုပ်ငန်းစုသည် မြန်မာနိုင်ငံ၌လည်း ရေနံနှင့်သဘာဝဓါတ်ငွေ့တူးဖော်ခြင်းလုပ်ငန်း အပါအဝင် Coated & Color Steel လုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ စိုက်ပျိုးရေးထွက်ကုန် တင်ပို့ရောင်းချခြင်းလုပ်ငန်းခွဲများကို ရင်းနှီးမြှုပ်နှံမှုပြု၍ ဆောင်ရွက်လျက်ရှိပါသည်။

Source: **The Korea Times (12-1-2022)**

**ဝင်းပပသူ (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့)**

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 17th Jan. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | +0 | +0.00% | 8,100 | 8,200 | 8,100 | 606 | 4,912,800 | 33,109,694 | 271,499 |
| MTSH | 00002 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,000 | 1,584 | 4,773,700 | 38,929,150 | 118,734 |
| MCB | 00003 | 7,800 | -100 | -1.27% | 7,800 | 7,800 | 7,800 | 2 | 15,600 | 10,400,986 | 81,128 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,500 | 19,500 | 19,500 | 1 | 19,500 | 2,472,053 | 48,205 |
| TMH | 00005 | 2,550 | -100 | -3.77% | 2,550 | 2,550 | 2,550 | 20 | 51,000 | 12,823,224 | 32,699 |
| EFR | 00006 | 2,850 | -50 | -1.72% | 2,850 | 2,850 | 2,850 | 40 | 114,000 | 19,977,223 | 56,935 |
| AMATA | 00007 | 5,100 | -300 | -5.56% | 5,100 | 5,100 | 5,100 | 117 | 596,700 | 10,497,598 | 53,538 |

## Market summary

As of 17th Jan. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 380.97 | -3.72 | -0.97% | 379.06 | 380.97 | 377.95 | 2,370 | 10,483,300 | 7 | 662,738 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 17th Jan. 2022

| MYANPIX | 380.97 ▼ 3.72 |
|---|---|
| Total Volume (shares) | 2,370 |
| Total Value (MMK) | 10 mil |
| Listed Company | 7 |
| Market Cap. (MMK) | 662,738 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▲ 0 |
| MTSH | 00002 | 3,050 | ▲ 0 |
| MCB | 00003 | 7,800 | ▼ 100 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,550 | ▼ 100 |
| EFR | 00006 | 2,850 | ▼ 50 |
| AMATA | 00007 | 5,100 | ▼ 300 |